## Third Sunday of Easter (May 4, 2014)

### 1st READING: *Acts 2:14, 22-33*

တမန်တော်ဝတ္ထု ၂း ၁၄၊ ၂၂-၃၃

ပေတရုသည်တစ်ဆယ့်နှစ်ပါးသောတမန်တော်တို့နှင့်အတူရပ်လျက်ကျယ်သောအသံဖြင့်လူပရိသတ်တို့အားဟောပြောသည်မှာဂျူးလူမျိုးအပေါင်းတို့၊ဤအကြောင်းအရာကိုသင်တို့သိကြစေရန်ငါ့စကားကိုအသေအချာနားထောင်ကြလော့။အိုအစ္စရေးလ်လူမျိုးတို့၊ဤစကားကိုနားထောင်ကြလော့။ဘုရားသခင်သည်နာဇရက်မြို့သားယေရှုအားဖြင့်အံ့ဖွယ်သောတန်ခိုးများနှင့်နိမိတ်လက္ခဏာများကိုသင်တို့အလယ်တွင်ပြတော်မူခဲ့ခြင်းဖြင့်သူသည်ဘုရားသခင်အသိအမှတ်ပြု၍သက်သေခံတော်မူသောပုဂ္ဂိုလ်ဖြစ်ကြောင်းသင်တို့အသိပင်ဖြစ်ကြ၏။ဘုရားသခင်ပြဋ္ဌာန်းတော်မူသောအစီအစဉ်နှင့်ကြိုတင်သိရှိပြီးသောအသိဉာဏ်တော်အတိုင်းအပ်နှံခြင်းခံတော်မူသောယေရှုသခင်ကိုသင်တို့သည်ယုတ်မာသောသူတို့လက်ဖြင့်လက်ဝါးကပ်တိုင်တင်၍သတ်ခဲ့ကြ၏။သို့သော်သေခြင်းတရား၏ဝေဒနာသည်ကိုယ်တော့်ကိုအစဉ်အမြဲချည်နှောင်ထားရန်မဖြစ်နိုင်သောကြောင့်ဘုရားသခင်သည်သူ့ကိုသေခြင်း၏ဝေဒနာမှလွတ်မြောက်စေ၍ရှင်ပြန်ထမြောက်စေတော်မူ၏။ထိုသခင်ကိုအကြောင်းပြု၍ဒေးဗစ်မင်းကြီးကမိန့်ဆိုခဲ့သည်မှာ၊ငါသည်ထာဝရဘုရားကိုအစဉ်အမြဲငါ့ရှေ့မှာဖူးမြင်ရ၏။အကြောင်းမူကား၊ငါသည်တုန်လှုပ်တိမ်းစောင်းခြင်းမဖြစ်စေရန်ကိုယ်တော်သည်ငါ၏လက်ယာဘက်တွင်ရှိနေတော်မူသောကြောင့်တည်း။ထို့ကြောင့်ငါ၏စိတ်နှလုံးသည်ပျော်ရွှင်ကြည်နူးလျက်ငါ ၏နှုတ်သည်ဝမ်းမြောက်ရွှင်လန်းခြင်းရှိ၏။ ထိုမျှမကငါ၏ခန္ဓာကိုယ်သည်မျှော်လင့်ခြင်း၌အသက်ရှင်လိမ့်မည်။ အကြောင်းမူကား၊ကိုယ်တော်သည်ကျွန်ုပ်၏ဝိညာဉ်ကိုသေမင်းနိုင်ငံ၌စွန့်ပစ်ထားတော်မူမည် မဟုတ်။ကိုယ်တော၏သန့်ရှင်းမြင့်မြတ်သူအားပုပ်စပ်ပျက်စီးခြင်းကိုမြင်ရသောအခွင့်ကိုပေးတော်မူမည်မဟုတ်။ကိုယ်တော်သည်ကျွန်ုပ်အားအသက်ရှင်ခြင်းလမ်းကိုညွှန်ပြတော်မူ၏။ကိုယ်တော်သည်မျက်မှောက်တော်၌ကျွန်ုပ်ကိုဝမ်းမြောက်ပျော်ရွှင်သောစိတ်နှလုံးဖြင့်ပြည့်စုံစေလိမ့်မည်ဟုမိန့်ဆိုခဲ့၏။ညီအစ်ကိုတို့၊ငါတို့ဘိုးဘေးဖြစ်သောဒေးဗစ်မင်းကြီးအကြောင်းကိုယုံကြည်စိတ်ချစွာသင်တို့အားငါပြောပါရစေ။သူသည်သေလွန်၍သင်္ဂြိုဟ်ခြင်းခံရပြီး၊သူ၏သင်္ချိုင်းဂူသည်လည်းယနေ့တိုင်ငါတို့နေသောအရပ်တွင်တည်ရှိနေသေး၏။သူသည်ပရောဖက်တစ်ပါးဖြစ်သည့်အလျောက်မိမိ၏သားမြေးထဲမှတစ်ဦးကိုသူ၏ထီးနန်းအရိုက်အရာတွင်အုပ်စိုးစေမည်ဟုဘုရားသခင်ကတိထားတော်မူခဲ့ကြောင်းကိုသိရှိခဲ့၏။သူသည်ကြိုတင်သိမြင်ခဲ့သဖြင့်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကိုပြောခဲ့သည်ကား၊ကိုယ်တော်သည်သေမင်း၏နိုင်ငံတွင်စွန့်ပစ်ထားခြင်းခံရတော်မမူ၊ကိုယ်တော်၏ခန္ဓာတော်သည်လည်းပုပ်စပ်ပျက်စီးခြင်းကိုမြင်ခဲ့ရသည်မဟုတ်ဟုဆိုခဲ့၏။ဘုရားသခင်သည်ဤသခင်ယေရှုကိုသေခြင်းမှရှင်ပြန်ထမြောက်စေသည့်အကြောင်းငါတို့အားလုံးပင်သက်သေဖြစ်ကြ၏။ကိုယ်တော်သည်ဘုရားသခင်၏လက်ယာဘက်တော်တွင် စံပယ်ရန်ချီးမြှောက်ခြင်းခံရတော်မူပြီးနောက်ခမည်းတော်ကတိထားတော်မူသောသန့်ရှင်းသောဝိညာဉ်တော်ခံယူတော်မူ၍၊သင်တို့ယခုတွေ့မြင်ကြားသိနေကြသောထိုဝိညာဉ်တော်ကိုငါတို့အပေါ်သို့သွန်းလောင်းတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm  Psalm  16:1-2, 5, 7-8, 9-10,11**
ဆာလံကျမ်း     ၁၆

**သံပြိုင်။** ။ကိုယ်တော်သည် တပည့်တော် အား အသက်ရှင်ခြင်း၏လမ်းကို ညွှန်ပြတော်မူ လိမ့်မည်။
***R.* Lord, you will show us the path of life.**

၁။     အိုဘုရားသခင်၊တပည့်တော်ကိုကာကွယ်စောင့်ရှောက်တော်မူပါ။အကြောင်းမူကား၊ကိုယ်တော်၌ခိုလှုံအားထားပါ၏။ကိုယ်တော်သည်တပည့်တော်၏ထာဝရဘုရားဖြစ်တော်မူပါ၏။တပည့်တော်ခံစားရသောကောင်းကျိုးချမ်းသာဟူသမျှသည်ကိုယ်တော်ပေးသနားတော်မူသောအရာများဖြစ်ပါ၏ဟူ၍ ငါသည်ထာဝရဘုရားအားလျှောက်ထား၏။ **သံပြိုင်။**
Keep me, O God, for in you I take refuge; I say to the LORD, “My Lord are you.” O LORD, my allotted portion and my cup, you it is who hold fast my lot.

၂။ ထာဝရဘုရားသည်တပည့်တော်၏အမွေတော်နှင့်တပည့်တော်၏ခွက်ဖလားတော်ဖြစ်တော်မူ၏။ငါ့ကိုအကြံပေးတော်မူသောထာဝရဘုရားကိုငါကောင်းကြီးပေးပါစေ။ငါသည်ထာဝရဘုရားကိုအစဉ်အပြတ်မျက်မှောက်ပြု၍အကြောင်းမူကား၊ ကိုယ်တော်သည်ငါ၏လကျ်ာဘက်တွင်ရှိတော်မူကြောင့် ငါသည်တုန်လှုပ်လိမ့်မည်မဟုတ်။ **သံပြိုင်။**
I bless the Lord who counsels me; even in the night my heart exhorts me. I set the LORD ever before me;
with him at my right hand I shall not be disturbed.

၃။   ထိုကြောင့်ငါ၏စိတ်နှလုံးသည်ဝမ်းမြောက်၍ငါ၏ဝိညာဉ်သည်ရွှင်လန်းအားရခြင်းရှိ၏။ငါ၏ခန္ဓာကိုယ်သည်လည်းလုံခြုံမှုကိုခံစားရ၏။အကြောင်းမူကား၊ကိုယ်တော်သည်တပည့်တော်ကိုမရဏာနိုင်ငံ၌စွန့်ပစ်ထားတော်မူမည်မဟုတ်။ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်းပုပ်စပ်ပျက်စီးခြင်း ရောက်စေတော်မူမည်မဟုတ်။ **သံပြိုင်။**
Therefore my heart is glad and my soul rejoices, my body, too, abides in confidence;because you will not abandon my soul to the netherworld,nor will you suffer your faithful one to undergo corruption.

၄။ကိုယ်တော်သည်တပည့်တော်အားအသက်ရှင်ခြင်း၏လမ်းကိုညွှန်ပြတော်မူလိမ့်မည်။ကိုယ်တော်၏အထံတော်၌ဝမ်းမြောက်ရွှင်လန်းခြင်းနှင့်ပြည့်နှက်လျက်ရှိ၏။ကိုယ်တော်၏လကျ်ာတော်ဘက်၌အစဉ်ထာဝရတည်သောစည်းစိမ်ချမ်းသာရှိ၏။ **သံပြိုင်။**
You will show me the path to life, abounding joy in your presence, the delights at your right hand forever.

**2nd READING: 1 Peter 1:17-21**
ရှင်ပေတရုဩဝါဒစာပထမစောင် **၁း ၁၇–၂၁**

တလူမျိုးတန်းစားမခွဲမခြားဘဲလူတစ်ဦးစီ၏ပြုကျင့်မှုများနှင့်လျော်ညီစွာတရားသဖြင့်စီရင်တော်မူသောဘုရားသခင်ထံဆုတောင်းပတ္ထနာပြုကြသောအခါသင်တို့သည်ကိုယ်တော်ကိုအဖဟုခေါ်တကြ၏ ။ထို့ကြောင့်သင်တို့သည်ဤလောကတွင်ဧည့်သည်အဖြစ်အသက်ရှင်ရပ်တည်နေသမျှကာလပတ်လုံးအဖခမည်းတော်ဘုရားအားကြောက်ရွံ့ရိုသေကြလော့။သင်တို့၏ဘိုးဘေးများထံမှဆက်ခံရရှိသောအကျိုးမဲ့ဘဝသက်တာထဲမှသင်တို့ကိုပျက်စီးတတ်သောရွှေ၊ငွေဖြင့်အဖိုးအခပေး၍သင်တို့ကိုရွေးနှုတ်ကယ်ချွတ်သည်မဟုတ်ကြောင်းကိုသင်တို့သိကြ၏ ။အပြစ်အနာအဆာကင်းစင်သည့်သိုးသူငယ်တည်းဟူသောခရစ်တော်၏အသွေးတော်အားဖြင့်သာလျှင်သင်တို့ကိုရွေးနှုတ်တော်မူခသည်။ဤကမ္ဘာလောကမတည်ရှိမီကပင်ဘုရားသခင်သည်ခရစ်တော်ကိုရည်မှတ်ထားတော်မူပြီးဤအဆုံးစွန်သောကာလများ၌သင်တို့၏အကျိုးအလို့ငှါခရစ်တော်ကိုထင်ရှားပေါ်ထွန်းစေတော်မူ၏ ။သင်တို့သည်ခရစ်တော်ရှင်အားဖြင့်ဘုရားသခင်၌အကြွင်းမဲ့ယုံကြည်မျှော်လင့်ခြင်းရှိစေခြင်းငှါဘုရားသခင်သည်ခရစ်တော်ကိုသေခြင်းမှထမြောက်စေ၍ဘုန်း တော်ထွန်းတောက်စေတော်မူ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** *Luke 24: 13-35*

ရှင်လုကာဧဝံဂေလိကျမ်း ၂၄း ၁၃–၃၅

ထို့တစ်နေ့တည်းတွင်ပင်သူတို့အထဲမှနှစ်ဦးတို့သည်ဂျေရုဆလင်မြို့ခုနစ်မိုင်ခန့်ဝေးသောဧမောက်ရွာသို့ခရီးသွားကြ၏။ထိုသို့သွားနေစဉ်သူတို့သည်ဖြစ်ပျက်ခဲ့သမျှအကြောင်းအရာအားလုံးစုံကိုအချင်းချင်းပြောဆိုကြ၏။သူတို့ပြောဆိုဆွေးနွေးနေကြစဉ်သခင်ယေရှုကိုယ်တော်တိုင်ချဉ်းကပ်လာ၍သူတို့နှင့်အတူခရီးသွားတော်မူ၏။သို့သော်ကိုယ်တော်ဖြစ်သည်ကိုမမှတ်မိစေရန်သူတို့၏မျက်စိများသည်ထိမ်းချုပ်ခြင်းခံကြရ၏။ကိုယ်တော်ကသင်တို့သည်ခရီးသွားစဉ်မည်သည့်အကြောင်းအရာများကိုအချင်းချင်းဆွေးနွေးနေကြသနည်းဟုသူတို့အားမေးတော်မူ၏။သူတို့သည်လည်ညှိုးငယ်ကြေကွဲသောမျက်နှာနှင့်ရပ်တန့်နေကြ၏။ထို့နောက်သူတို့အနက်ကလေအိုဖာအမည်ရှိသောသူကပြန်ပြောသည်မှာဂျေရုဆလင်မြို့၌သင်တစ်ဦးတည်းသာဧည့်သည်ဖြစ်လျက်ဤနေ့ရက်များတွင်ဤမြို့၌ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကိုမသိပါသလောဟုဆို၏။ကိုယ်တော်ကမည်သည့်အကြောင်းအရာများနည်းဟုမေးတော်မူလျှင်သူတို့ကဘုရားသခင်ရှေ့လူအပေါင်းတို့ရှေ့တွင်အပြုအမူနှင့်ဟောပြောချက်တို့၌အားတန်ခိုးကြီးသောပရောဖက်ဖြစ်သည့်နာဇရက်မြို့သားယေရှုအကြောင်းများ။ရဟန်းအကြီးအကဲတို့နှင့်ခေါင်းဆောင်များသည်သူ့ကိုသေဒဏ်စီရင် ရန်အပ်နှံကြ၍လက်ဝါးကပ်တိုင်တင်ကြသည့်အကြောင်းများဖြစ်ပါသည်။ သို့ရာတွင်ကျွန်တော်တို့ကမူသူသည်အစ္စရေးလ်လူမျိုးကိုကယ်တင်မည့်သူဟူ၍မျှော်လင့်ထားခဲ့ကြ၏။ယခုဤအကြောင်းအရာများဖြစ်ခဲ့သည်မှာသုံးရက်မြောက်သောနေ့ဖြစ်ပါသည်။ထို့အပြင်ကျွန်တော်တို့အထဲမှအချို့သောအမျိုးသမီးများသည်ကျွန်တော်တို့ကိုအံ့အားသင့်စေခဲ့ပါ၏။သူတို့သည်ယနေ့နံနက်စောစောသင်္ချိုင်းတော်ကိုသွားခဲ့ကြ၏။သို့သော်သူတို့သည်ကိုယ်တော်၏အလောင်းတော်ကိုမတွေ့ခဲ့ကြချေ။သို့သော်ကိုယ်တော်သည်အသက်ရှင်လျက်ရှိသည်ဟုပြောဆိုသောကောင်းကင်တမန်တော်များ၏ရူပါရုံကိုမြင်ခဲ့ကြကြောင်းကျွန်တော်တို့ထံပြန်လာ၍ပြောဆိုခဲ့ကြ၏။ထိုအခါကျွန်တော်တို့အထဲမှအချို့တို့သည်သင်္ချိုင်းတော်သို့သွားကြရာအမျိုးသမီးများပြောထားသည့်အတိုင်းတွေ့မြင်ခဲ့ကြသော်လည်းကိုယ်တော့်ကိုမူမတွေ့မြင်ခဲ့ကြပါဟုဆိုကြ၏။ကိုယ်တော်ကလည်းအိုဆိုးမိုက်သောသင်တို့ပရောဖက်များဟောပြောခဲ့သမျှကိုသင်တို့ယုံကြည်ရန်နှောင့်နှေးကြပြီတကား။ခရစ်တော်သည်ဘုန်းဂုဏ်တော်သို့ကြွဝင်တော်မူရန်ဤအရာများကိုခံထမ်းရန်လိုအပ်သည်မဟုတ်ပါလော့ဟုမိန့်တော်မူ၏။ထို့နောက်မိုးဇက်မှစ၍ပရောဖက်ရှိသမျှတို့သည်ကိုယ်တော်ကိုအကြောင်းပြုလျက်ရေးထားသောကျမ်းချက်များ၏အဓိပ္ပာယ်ကိုသူတို့အားရှင်းလင်းဖော်ပြတော်မူ၏။သူတို့ခရီးပြုနေသည့်ရွာအနီးသို့ရောက်ကြသောအခါ၊ကိုယ်တော်သည်ရှေ့သို့ခရီးဆက်မည့်ဟန်ပြုတော်မူ၏။သို့သော်သူတို့ကကျွန်တော်တို့နှင့်နေပါဦး။ညနေစောင်း၍နေ့တာလည်းကုန်လုနီးပါပြီဟုအတင်းတောင်းပန်ကြသဖြင့် ကိုယ်တော်သည်သူတို့နှင့်အတူဝင်၍တည်းခိုတော်မူ၏။ကိုယ်တော်သည်စားပွဲ၌သူတို့နှင့်အတူထိုင်တော်မူသောအခါ၊မုန့်ကိုယူ၍ကောင်းကြီးပေးတော်မူပြီးမှဖဲ့၍သူတို့အားပေးတော်မူ၏။ထိုအခါသူတို့သည်မျက်စိဖွင့်ကြ၍ကိုယ်တော်ဖြစ်ကြောင်းကိုသိကြ၏။ကိုယ်တော်သည်လည်းသူတို့မျက်စိအောက်မှပျောက်ကွယ်သွားတော်မူ၏။သူတို့ကလမ်းခရီး၌ကိုယ်တော်သည်ငါတို့နှင့်အတူစကားပြောလျက်ကျမ်းစာတော်၏အနက်အဓိပ္ပာယ်ကိုရှင်းလင်းဖွင့်ပြတော်မူသောအခါငါတို့နှလုံးသားများတွင်မီးလျှံကဲ့သို့တောက်လောင်နေခဲ့သည်မဟုတ်ပါလောဟုအချင်းချင်းပြောဆိုကြ၏။ထိုအချိန်နာရီ၌ပင်သူတို့သည်ထ၍ဂျေရုဆလင်မြို့သို့ပြန်သွားကြသဖြင့်တစ်ကျိပ်တစ်ပါးနှင့်သူတို့၏အပေါင်းအဖော်များအတူတကွစုဝေးနေသည်ကိုတွေ့ကြ၏။တမန်တော်တို့ကသခင်ဘုရားသည်ဧကန်အမှန်ရှင်ပြန်ထမြောက်တော်မူပြီ။ကိုယ်တော်သည်စီမုန်ကိုထင်ရှားပြတော်မူပြီဟုဆိုကြ၏။ထိုအခါဤသူနှစ်ယောက်တို့သည်လည်းလမ်းခရီး၌ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာကိုလည်းကောင်း၊မုန့်ကိုဖဲ့တော်မူရာတွင်ကိုယ်တော်ဖြစ်ကြောင်းမည်ကဲ့သို့သိရကြောင်းကိုလည်း ကောင်းပြောပြကြလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။